# ကြာတောကျေးရွာ
# နန်းပန်ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

## ၂၀၂၅ - ၂၀၂၆ခု ဘဏ္ဍာရေးနှစ်
## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ကြာတောကျေးရွာ၊ နန်းပန်ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၄ |
| | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်းများ | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၇ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၇ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၇ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေးဇယား | ၇-၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၇။ | ပညာရေး | ၉ |
| ၈။ | ကျန်းမာရေး | ၁၀ |
| ၉။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၀ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၀ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၀ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၁ |
| | အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၂-၁၃ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅-၅၁ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၂-၅၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

# ကြာတောကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်



# ကြာတောကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ညောင်ရွှေမြို့နယ်



## ကြာတောကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ ညောင်ရွှေမြို့နယ်



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကြာတောကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် နန်းပန်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ညောင်ရွှေမြို့၏ တောင်ဘက် (၁၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် မန်းအောင်ကျေးရွာနှင့်ကံကောင်းကျေးရွာ၊ မြောက်ဘက်တွင် သစ်တောနှင့် လယ်ကွင်းများ၊ တောင်ဘက်တွင် နောင်တောကျေးရွာနှင့်အနောက်ဘက်တွင် ဈေးပါးကျေးရွာတို့နှင့် ထိစပ်၍ တည်ရှိနေပါသည်။ ကျေးရွာတွင် အများစုသည် အင်းသားလူမျိုးများဖြစ်ပြီး ရှမ်း၊ ပအိုဝ့်၊ ဗမာစသည့်တိုင်းရင်းသားများလည်း နေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကြာတောကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃.၅)ဧက၊ ဥယျာဉ်ခြံ(၁၁.၅)ဧက စုစုပေါင်း စိုက်ပျိုးဧက(၁၅)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသဖြင့် ဓါတ်မြေဩဇာအသင့်အတင့်သာသုံးစွဲ၍ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။ မြေပေါ်ရေနှင့် မြေအောက်ရေများ အနည်းငယ်တွေ့ရှိရသော်လည်း အသုံးချရန် ခက်ခဲပါသည်။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကြာတောကျေးရွာတွင် အိမ်ခြေ(၁၂၀)အိမ်၊ အိမ်ထောင်စု(၁၂၀)စု၊ လူဦးရေပေါင်း(၅၄၂)ဦး ရှိသည်။ အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာတွင် (၁၄)နှစ်အောက်ကလေးသည်(၁၄၁)ဦးရှိပြီး (၆၅)နှစ်နှင့်အထက် သက်ကြီးရွာအိုများ စုစုပေါင်း (၆)ဦးသာ ရှိပါသဖြင့် ကျေးရွာရှိ လူဦးရေ၏ (၇၅)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်နိုင်မှုအားကောင်းသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် ကျား - မ ဦးရေကွာဟမှု မရှိပါ။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကြာတောကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ကျေးရွာရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့ဦးဆောင်၍ ကျေးရွာ တွင်းရှိ အဖွဲ့အစည်း/ကော်မတီအသီးသီးမှ ဝိုင်းဝန်းဆောင်ရွက် ကြပါသည်။ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဖြစ်သော UNDP အဖွဲ့၊ ဟာနာ၊ မဟာအဖွဲ့ စသည့်အသေးစားချေးငွေ အဖွဲ့အစည်းများမှ ချေးငွေများ ဝင်ရောက်ဆောင်ရွက်ပေးလျက်သဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု ရှိပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး ဇယား

ကြာတောကျေးရွာတွင် စိုက်ပျိုးမြေများကို စပါးသီးနှံများကို ဇွန်လမှ စက်ဘာလအထိ စိုက်ပျိုးချိန်ဖြစ်ပါသည်။ အရောင်းအဝယ်လုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသည့် ကျေးရွာဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၈)စုသာရှိပါသည်။

စိုက်ပျိုးမြေများသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်သာရှိသဖြင့် နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။စိုက်ပျိုးမြေအား အသုံးချ၍ရနိုင်သည့်အတိုင်းအတာအထိ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စု(၈)စုသည် စိုက်ပျိုးမြေအနည်းငယ်စီ ပိုင်ဆိုင်ကြပါသည်။စိုက်ပျိုးမြေ ထပ်မံတိုးချဲ့ရန်ခက်ခဲသဖြင့် အိမ်ထောင်စု(၁၁၂)စုသည် မြေယာမဲ့များဖြစ်ကြပါသည်။

စိုက်ပျိုးရေအတွက် ချောင်းရေကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ သီးနှံများသည် ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေ မှန်ကန်မှုအပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် အဆင့်မြင့်စိုက်ပျိုးရေးသုံးစက်ကိရိယာများ မရှိပါ။ နီးစပ်ရာကျေးရွာရှိ စက်ကိရိယာများ ငှါးရမ်း၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးမြေများတွင် သဘာဝမြေသြဇာများ အသုံးမပြုနိုင်သဖြင့် ဓိဝဓါတ်မြေသြဇာများကိုသာ အသုံးပြုကြရပါသည်။ ဓါတ်မြေသြဇာများကို ကျေးရွာတွင်းတွင်လည်းကောင်း၊ ညောင်ရွှေဈေး/မြို့တို့တွင် ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို နီးစပ်ရာဈေးတွင်လည်းကောင်း၊ ညောင်ရွှေဈေး/ မြို့တွင်လည်းကောင်း ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပိုးသတ်ဆေးသုံး၍ မိမိတို့၏ စိုက်ခင်းများကို ကာကွယ်ကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးကျရောက်မှုများသဖြင့် နီးစပ်ရာကျေးရွာရှိ အသိမိတ်ဆွေများထံတွင်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနသို့လည်းကောင်း နည်းပညာတောင်းခံရသည့်နှစ်လည်း ရှိပါသည်။ ယခုနှစ်တွင် ရာသီဥတုမှန်သောကြောင့် သီးနှံအထွက်နှုန်းအသင့်အတင့်ကောင်းပါသည်။ ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲဖြစ်ပေါ်ပါက ကျေးရွာပြင်ပအဖွဲ့အစည်းများထံတွင် အတိုး(၂%)မှ(၅%)ပေး၍လည်းကောင်း၊ ဆွေမျိုးများထံ၌သာ အချို့အတိုးဖြင့်၊ အချို့အတိုးမဲ့ဖြင့်လည်းကောင်း ချေးငွေများချေးယူ၍ အခက်အခဲများ ဖြေရှင်းကြရပါသည်။ သီးနှံပေါ်ချိန်တွင်နှင့် ပြေလည်သည့်အချိန်တို့တွင် ပြန်လည်ပေးဆပ်ရပါသည်။ အချို့နှစ်များသည် ဖျက်ပိုးများကျရောက်ခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ ကြုံရပါက သီးနှံများ ဆုံးရှုံးမှုများဖြစ်ပေါ်သဖြင့် ပေးဆပ်ရန်ခက်ခဲကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အရောင်းအဝယ်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြခြင်းကြောင့် မွေးမြူရေးလုပ်ငန်းအားစီးပွားဖြစ် မွေးမြူသည့် အိမ်ထောင်စုများ မရှိပါ။ စားကျက်မြေရှားပါးခြင်းနှင့် နည်းပညာ လက်လှမ်းမီမှုအားနည်းခြင်းကြောင့်လည်းဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် နည်းပညာ ဝန်ဆောင်မှုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုလည်း အားနည်းပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော လက်လီလက်ကား၊ ပို့ဆောင်ရေးနှင့် ကျပန်းလုပ်ကိုင်သူများ များပြားပါသည်။ အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်မှုတိုးတက်ရန်အတွက် သက်/မွေးသင်တန်းများဖြစ်သည့် အပ်ချုပ်၊ ဝပ်ရှော့၊ အိမ်တွင်းမှုလုပ်ငန်းကဲ့သို့သော သင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ချေးငွေများအား ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သည့် UNDP၊ ဟာနာ၊ မဟာစသည့် အသေးစားချေးငွေအဖွဲ့ထံတွင်လည်းကောင်း အစိုးရဘဏ်၊ ကျေးရွာရှိ ငွေတိုးချေးသူများထံတွင်လည်းကောင်း၊ ဆွေမျိုးများထံတွင်လည်းကောင်း ချေးငွေများ ရယူကြပါသည်။ အဆင်မပြေသော မိသားစုများသည် ငွေကြေးအခက်အခဲများဖြစ်ပေါ်ပါက မိတ်ဆွေ၊ ဆွေမျိုးများထံ၌သာ ပမာဏ အနည်းငယ် ချေးယူ၍ အခက်အခဲကို ဖြေရှင်းကြရပါသည်။ ငွေကြေးနှင့် ပတ်သက်၍ အမျိုးသား၊ အမျိုးသမီးများအားလုံး လက်လှမ်းမီမှု ရှိပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျွန်ုပ်တို့ကျေးရွာတွင် ဆိုင်ကယ်အများဆုံးပိုင်ဆိုင်ပြီး ကား၊ ထော်လာဂျီ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင်းလမ်းနှင့်ချည်းကပ်လမ်းများသည် ကျောက်ချောလမ်းများဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းများသည် ကတ္တရာလမ်းဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကျေးရွာ ဖြစ်ပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရောက်ရှိသဖြင့် အိမ်ထောင်စု(၁၁၆)စုသည် လျှပ်စစ်မီး အသုံးပြုကြပြီး အိမ်ထောင်စု(၄)စုခန့်သည် လျှပ်စစ်မီး အသုံးမပြုနိုင်သေးပါ။ ကျေးရွာတွင် လျှပ်စစ်မီးကျွမ်းကျင်လုပ်သားများရှိသဖြင့် မီးနှင့်ပတ်သက်၍ ပျက်စီးပါက ပြုပြင်ရန်အခက်အခဲ မရှိပါ။ (၂၄)နာရီမီးလင်းသောကျေးရွာဖြစ်သဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေ ပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ဆက်သွယ်ရေးမှာ ညောင်ရွှေမြို့နှင့်အလှမ်းဝေးသော်လည်း ဖုန်းဆက်သွယ်ရေးလိုင်းကောင်းမွန်သဖြင့် သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လက်လှမ်းမီမှုရှိပါသည်။ သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍတွင် အချိန်နှင့်တပြေးညီ ရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါသည်။ကျေးရွာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ သတင်းအချက်အလက်များ လက်လှမ်းမီမှု ရှိပါသည်။

**၇။ ပညာရေး**

ကျေးရွာလူဦးရေ စုစုပေါင်း(၅၄၂)ဦးတွင် တက္ကသိုလ်တက်ရောက်ဆဲနှင့် တက္ကသိုလ်အဆင့်ပြီးသူ(၁၂၃)ဦးခန့်ရှိသဖြင့် ပညာရေးအားကောင်းခြင်းကို ဖော်ပြလျက်ရှိပါသည်။အထက်တန်းအဆင့်ပြီးပါက မိဘလုပ်ငန်းနှင့် စိုက်ပျိုးရေးအလုပ် ဝင်ရောက်လုပ်ကိုင်ကြသည်မှာ အသင့်အတင့်ရှိသဖြင့် အထက်တန်းကျောင်းထွက်နှုန်းအနည်းငယ်ရှိပါသည်။ အထက်တန်းအဆင့်ကျောင်းပညာသင်ယူပြီးပါက တက္ကသိုလ်ကို နီးစပ်ရာ အေးသာယာ/ တောင်ကြီးမြို့တွင်လည်းကောင်း မန္တလေး၊ ရန်ကုန်စသည့် မြို့ကြီးများ

တွင်လည်းကောင်း သွားရောက်ပညာသင်ကြား ကြရပါသည်။ ငွေကြေးတတ်နိုင်သူများသာ မိမိတို့၏ သား/သမီးများကို အခြားကျေးရွာ/မြို့တို့တွင်ထား၍ ဆက်လက်ပညာသင်ကြားစေပါသည်။

## ၈။ ကျန်းမာရေး

ကျန်းမာရေးအခြေအနေမှာ ကျေးရွာတွင် သွေးတိုး၊ ဆီးချိုရောဂါနှင့် နိုင်ငံအနှံ့ဖြစ်ပွားလျက်ရှိသော ကိုဗစ်ရောဂါသည် ကျေးရွာ၌ အနည်းငယ်ဖြစ်ပွားမှုရှိပါသည်။ ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိသဖြင့် ဆေးဝါးကုသမှု လက်လှမ်းမီမှု ရှိပါသည်။ လွန်ခဲ့သော(၁၂)လအတွင်း ကျေးရွာ၌ ကျန်းမာရေးဌာနမှ အဆုပ်ရောဂါကာကွယ်ဆေးနှင့် အသက်ရှူလမ်းကြောင်း ကိုဗစ်ကူးစက်ရောဂါကာကွယ်ဆေးအပြင် အခြား ကာကွယ်ဆေးများကိုလည်း ပြည့်စုံစွာထိုးနှံပေးခြင်းပါသည်။

## ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၌ ဓါတ်မြေသြဇာကို အသင့်အတင့်အသုံးပြု၍ စိုက်ပျိုးကြရပါသဖြင့် မြေဆီသြဇာများ ပျက်စီးယိုယွင်းလာခြင်း၊ လူဦးရေတိုးပွားလာသဖြင့် စိုက်ပျိုးရေအရင်းအမြစ်နှင့် ငါးမျိုးစိတ်များ နည်းပါးလာခြင်းစသည့် ဘေးအန္တရာယ်များ ကြုံတွေ့လာရပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်းအားနည်းသောကြောင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အခက်အခဲကြုံတွေ့ဖွယ်ရှိပါသည်။

## ၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေးစနစ်တွင် ပါဝင်မှုမရှိသော်လည်း ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အခြားကဏ္ဍအသီးသီးတွင်လည်း အမျိုးသားများနှင့်တန်းတူ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများ လူထု၏ အသိအမြင်များ ရှိကြသည်ကို တွေ့ရှိရပါသည်။ကျေးရွာတွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ နေ့စားလုပ်အားခရရှိမှုသည် အနည်းငယ်သာ ကွာဟမှုရှိသော်လည်း သတင်းအချက်အလက်နှင့် ငွေကြေးလက်လှမ်းမီမှုတို့တွင် အမျိုးသားနှင့်တန်းတူ အခွင့်အလမ်းရရှိ ပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် ဘာသာရေးပွဲအပြင် အခြားပျော်ပွဲရွှင်ပွဲများကျင်းပပေးခြင်း ရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူငယ်(ကျား/မ)တက်ကြွစွာပါဝင် လုပ်ဆောင်ကြပါသည်။ ကျေးရွာရှိ လူငယ်သည် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အမွေအနှစ်များထိန်းသိမ်းခြင်းတို့အပြင် အခြားအားကစားရေးရာ နှင့် အသိပညာများကိုယ်တိုင်လေ့လာခြင်းနှင့်စူးစမ်းရှာဖွေခြင်းတွင် အားကောင်းကြောင်း တွေ့ရှိပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအတွက် အစီအမံများနှင့် အဖွဲ့များဖွဲ့စည်းထား ခြင်း မရှိပါ။ ထို့ပြင် ရဲဘက်ဆိုင်ရာမှ အသိပညာပေးဟောပြောပွဲများကဲ့သို့ ဝန်ဆောင်မှုများလည်း မရရှိပါ။။ ကျေးရွာသည် တရားဥပဒေစိုးမိုး၍ စည်းလုံးညီညွတ်သော ကျေးရွာဖြစ်သဖြင့် မှုခင်းဖြစ်ပွားမှု များ မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ | ၂၀၂၉-၂၀၃၀ |
|---|---|---|---|---|---|---|---|
| ၁ | သစ်သားရေစင်တည်ဆောက်ခြင်းနှင့်ရေစက်ရုံတည်ဆောက်ခြင်း | ၁ | √ | | | | |
| ၂ | ရေပေးရေးလုပ်ငန်းဆောင်ရွက်ခြင်း | ၂ | | √ | | | |
| ၃ | သက်/မွေးသင်တန်းဖွင့်လှစ်ခြင်း(အပ်ချုပ်၊ ပန်းထိုးချည်ထိုး၊ မုန့်မျိုးစုံ၊ ယက်ကန်း၊ ဝပ်ရှော့၊ ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြော၊ ဖုန်းပြင်) | ၃ | | √ | | | |
| ၄ | မူကြိုကျောင်းတည်ဆောက်ခြင်း | ၄ | | | √ | | |
| ၅ | စာကြည့်တိုက်ပြုပြင်ခြင်း၊ စာအုပ်များထောက်ပံ့ခြင်း | ၅ | | | √ | | |
| ၆ | အားကစားကွင်းဖော်ဆောင်ခြင်း | ၆ | | | | √ | |
| ၇ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | ၇ | | | | √ | |
| | | | | | | | |

## အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )

ကျေးရွာ - ကြာတောကျေးရွာ
ကျေးရွာအုပ်စု - နန်းပန်ကျေးရွာအုပ်စု
မြို့နယ် - ညောင်ရွှေမြို့နယ်
တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း)

**စီမံချက်အမည်** **-** ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

ကြာတောကျေးရွာတွင် သောက်သုံးရေးမဖူလုံသည့် အခက်အခဲ နှစ်စဉ်ကြုံတွေ့နေရပါသဖြင့် ရေစင်တည်ဆောက်ရန် လိုအပ်ရခြင်း ဖြစ်ပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

ရေစင်တည်ဆောက်ခြင်းဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးရွာသူ/သားများ သန့်ရှင်း သောသောက်သုံးရေများဖူလုံစွာရရှိလာမည်ဖြစ်ပြီး ကျန်းမာသန့်ရှင်းရေး ကဏ္ဍတွင် တိုးတက် မြင့်မားလာစေရန် ရည်ရွယ်ပါသည်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ )**

ရေစင်ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးရွာရှိ ကျေးရွာသူ/သားများသည် သန့်ရှင်းသောသောက်သုံးရေများကို တစ်နှစ်ပတ်လုံးဖူလုံစွာအသုံးပြုနိုင်ပြီး ကျန်းမာ သန့်ရှင်းသဖြင့် ဆေးဝါးကုသရန်အတွက် ငွေကုန်ကြေးကျမှုလည်း သက်သာလာမည် ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည် )**

ရေစင်တည်ဆောက်ခြင်းလုပ်ငန်းအား ခန့်မှန်းကုန်ကျငွေကျပ် သိန်း(၁၅၅၀၀၀၀၀) ဖြင့် ဆောင်ရွက်သွားပါမည်။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

ကြာတောကျေးရွာ ကျေးရွာတွင် သောက်သုံးရေးမဖူလုံသည့် အခက်အခဲ နှစ်စဉ်ကြုံတွေ့ နေရပါသဖြင့် ရေစင်တည်ဆောက်ရန် လိုအပ်ရခြင်း ဖြစ်ပါသည်။

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၅၀၀၀၀၀၀ိ/-(ငွေသား)<br>• ၄၀၀၀၀၀ိ/- (ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၂၇၁ | ၂၇၁ | ၅၄၂ | ၁၂ | ၈၂ | ၂၆ | ၀ | ၁၂၀ |
| အကျိုးခံစားမည့်သူ ဦးရေ | ၂၇၁ | ၂၇၁ | ၅၄၂ | - | - | - | - | - |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ -၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း ( များ )**

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - (၁.၉.၂၀၂၅)

**(၃) စီမံချက် ပြီးစီးမည့် အချိန်** - (၂၀.၉.၂၀၂၅)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ကျေးရွာအတွင်း အသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်မီးလိုင်းရေရှည်တည်တံ့ရေးအတွက် ကျေးရွာရှိမီးလင်းရေးကော်မတီသို့ လုပ်ငန်းအား လွှဲပြောင်းပေးပြီး ကော်မတီဝင်များ၊ ကျေးရွာသူ/ သားများတို့မှ လျှပ်စစ်

ဦးစီးဌာနနှင့်ညှိနှိုင်း၍ ပြုပြင်ထိန်းသိမ်း၍ အသုံးပြုသွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

## ကြာတောကျေးရွာ၊ နန်းပန်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မွေးသက္ကရာဇ် (အသက်) | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ပန်းအိ | ဦးလွယ် | ၂၈.၃.၁၉၈၆ | ၁၃/ညရန(နိုင်)၀၈၀၇၈၆ | ဥက္ကဋ္ဌ | ၀၉-၄၀၁၅၈၃၃၇၇ | √ |
| ၂ | ဦးနေကျောက်ခဲ | ဦးလင်းအောင် | ၂၈.၁၁.၂၀၀၄ | ၁၃/ညရန(နိုင်)၁၅၉၉၅၀ | အဖွဲ့ဝင် | ၀၉-၇၇၄၉၈၈၉၃၉ | |
| ၃ | ဒေါ်အေးအေးဝင်း | ဦးမျိုးခိုင် | ၃.၂.၂၀၀၂ | ၁၃/ညရန(နိုင်)၁၆၀၀၇၅ | အဖွဲ့ဝင် | ၀၉-၈၉၀၀၂၂၂၈၃ | |
| ၄ | ဦးမောင်လွင် | ဦးစိမ့် | ၁၁.၉.၁၉၇၃ | ၁၃/ညရန(နိုင်)၀၀၀၈၂၁ | အဖွဲ့ဝင် | ၀၉-၉၈၆၃၅၅၈၉၃ | |
| ၅ | ဒေါ်စုစုနွယ် | ဦးတင်မောင်ဆွေ | ၁၅.၁.၂၀၀၂ | ၁၃/ညရန(နိုင်)၁၆၀၀၆၇ | အဖွဲ့ဝင် | ၀၉-၂၆၉၉၄၁၉၈၀ | √ |
| ၆ | ဦးသူရဝင်း | ဦးတင်ဝင်း | ဆန်း၁၀.၅.၁၃၅၉ | ၁၃/ညရန(နိုင်)၁၂၉၇၂၆ | အဖွဲ့ဝင် | ၀၉-၄၂၈၇၇၈၁၉၇ | √ |
| ၇ | ဦးစိုးနိုင် | ဦးချစ်ဆွေ | ၃.၂.၁၃၃၆ | ၁၃/ညရန(နိုင်)၀၅၇၄၂၂ | အတွင်းရေးမှူး | ၀၉-၂၆၁၃၄၇၃၃၁ | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၃ | ၁၄ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၉ | ၁၂ | ၃၁ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၉ | ၄၃ | ၉၂ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၉ | ၂၀၆ | ၃၉၅ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်အို | ၁ | ၅ | ၆ | - | - |
| စုစုပေါင်း | | ၂၇၁ | ၂၇၁ | ၅၄၂ | - | - |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၉ | | | | |

**ရင်းမြစ်** ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စုဒနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကြာတောကျေးရွာတွင် နို့စို့ကလေးအရွယ်၊ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ် အသင့်အတင့်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်များပြားပြီး သက်ကြီးရွယ်အို အနည်းငယ်သာရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုအားကောင်းသောကျေးရွာ ဖြစ်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် | ၁ | ၁ | - | - | - | - | မြင့် ☐ လတ်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် — အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ — ကျား | ဦးရေ — မ | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁၂ | | | | ၁ | မြင့် ☐ လတ်☐<br>နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် | ၁ | ၁ | | | | | မြင့် ☐ လတ်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၉ | ၁၉၁ | ၁၂ | ၉ | ၂၃ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၄ | | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား | ၂ | ၂ | | | | ၁ | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၇ | ၃ | ၁ | ၈ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | | | ၂ | မြင့် ☑ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၅ | | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၁၉ | ၃၃ | ၃ | | ၃ | ၂ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၂၀ | ၂၇၄ | ၁၈ | ၁၀ | ၁၄ | ၉ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**”အရေအတွက်တွင်“**မိသားစုဝင်လုပ်အား**”**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - “**စိုက်ပျိုးရေး**” ကဏ္ဍ၏ “**ကိုယ်ပိုင်လုပ်ငန်း**”တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကြာတောကျေးရွာတွင် အများစုသည် အရောင်းအဝယ်လုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူလည်း အသင့်အတင့်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၉၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၅၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | - | ၈၀၀၀ | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ်** … **ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။** ။ကြာတောကျေးရွာ၌ အမျိုးသားနှင့်အမျိုးသမီးတန်းတူအလုပ်အကိုင် အခွင့်အလမ်းရရှိသော်လည်း ကျား-မ လုပ်အားခရရှိမှုတွင် ကွာဟမှု ရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၃.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၁၁.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ**(ကျွန်းမျှော) | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၁၀၃.၆၅** | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး** (**သို့**) **မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကြာတောကျေးရွာတွင် လယ်မြေ(၃.၅)ဧက၊ ဥယျာဉ်ခြံမြေ(၁၁.၅)ဧက၊ စုစုပေါင်းစိုက်ပျိုးမြေဧက(၁၅)ဧကသာ ရှိပါသည်။ စိုက်ပျိုးမြေများသည် မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်လျက်

ရှိပါသည်။ကျေးရွာစိုက်ပျိုးမြေများတိုးချဲ့၍ မရသဖြင့် အရောင်းအဝယ်လုပ်ငန်းနှင့်အခြားဝင်ငွေရလုပ်ငန်းတို့ကို အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည်ကို တွေ့ရှိရပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ကြာတောကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။ ကျေးရွာသည် ချောင်းနှင့်နီးသဖြင့် ရေပေါ်ရေအသင့်အတင့်တွေ့ရှိရသော်လည်း အသုံးချရန် ခက်ခဲပါသည်။

### (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင့်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၈၂ | ၂၆ | ၀ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကြာတောကျေးရွာသည် အရောင်းအဝယ်လုပ်ငန်းနှင့်ပတ်သက်၍ အခွင့်အလမ်းများစွာရှိသဖြင့် ကျေးရွာရှိအိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အလယ်အလတ်ရှိသောအိမ်ထောင်စုအများဆုံး တွေ့ရှိရပြီး မပြေလည်သောအိမ်ထောင်စု(၂၆)စုရှိကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၈ | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၈<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကြာတောကျေးရွာတွင် ဥစ္စာခနအဆင့်(၃)နှင့်(၄)၏(၃၀%)ဖြစ်သော အိမ်ထောင်စု (၈)စုအား ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အများစုသည် (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများဖြစ်ကြကြောင်း တွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကြာတောကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများမှ ထိခိုက်လွယ်ပြီး ဆင်းရဲ၍မိသားစုများသည့်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ မရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

